# သတင်းအချက်အလက် စီမံခန့်ခွဲမှု ကွန်ယက် - မြန်မာဘာသာအစုအဖွဲ့အစည်းအဝေး - ၂၅ ဩဂုတ်လ ၂၀၂၁

သဘာပတိ။ ။ ဒေါ်အိအိသိန်း (MIMU)

ပါဝင်သူများ။ ။ Burnet Institute Myanmar, UNICEF, NRC, DRC-DDG, Meikswe Myanmar, Ipas, AAR Japan, Community Partners International, KWEG, JOICFP, PCMM, ADRA, TAF, Samaritan's Purse, Good Neighbors International (Myanmar), arche noVa, Lutheran World Federation, ACF, SARA, UNOCHA, WaterAid Myanmar, Pyin Nyar Thar Hla, Green Life Alliance For Development(GLAD), UNFPA, Michigan State University, Monastic Education Development Group, Alliance Myanmar, MIMU (35 participants from 28 agencies)

## 1 Myanmar Wash Cluster Website- UNICEF

Myanmar Wash Cluster website ကို https://sites.google.com/view/washclustermyanmar/ တွင် တွေ့နိုင်သည်။ ဤစာမျက်နှာ ကို လုပ်ရခြင်း ၏ ရည်ရွယ်ချက်မှာ ယခင်က မိတ်ဖက်အဖွဲ့များ ကို google drive link များ မျှဝေရာတွင် ပျောက်သွား မေ့သွားခြင်း များရှိသောကြောင့် တစ်စုတစ်စည်းထည်း စုထားရန်ဖြစ်သည်။ Humanitarian cluster များ activate လုပ်ခြင်းမှာ Humanitarian Response Plan အရ UNOCHA နှင့် ပူးပေါင်းစီစဉ်ခြင်း ဖြစ်သည်။လောလောဆယ် တွင် wash cluster active ဖြစ်နေသော ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ် နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း တို့အတွက် tab တစ်ခုချင်းစီ ထားထားပေးပြီး ချိတ်ဆက်ကြည့်နိုင်ရန် national level အတွက်လည်း တစ်ခုရှိပါသည်။ အခြားသော နည်းပညာဆိုင်ရာ အရင်းအမြစ်များ အနေဖြင့် guideline များ၊ အလုပ်ရုံဆွေးနွေးပွဲ နှင့် သင်တန်းများ အစရှိသည် အတွက်လည်း စာမျက်နှာ များ ရှိသည်။

National cluster **စာမျက်နှာ** တွင် ဆက်သွယ်ရန် အချက်အလက်များ၊ အစည်းအဝေး နှင့် သင်တန်းဆိုင်ရာ အချက်အလက်များ ပါသော ပြက္ခဒိန် တစ်ခု အပြင်အောက်ပါတို့ အတွက်လည်း link လေးများ ပေးထားပါသည်။

- Key Documents
- Assessments, surveys, and study
- Response tracking (4W/3W)
- Gap Analysis
- Funding Analysis
- Online Dashboard
- COVID-19 Update
- Cluster Guidelines and Standards
- National Meeting Minutes
- Newsletter
- Preparedness and Emergency Response

- Contact List

Key Documents နှင့် Assessments များ အတွက် သက်ဆိုင်ရာ google drive folder များနှင့် ချိတ်ထားပေးပါသည်။ wash cluster မှ ပုံမှန်ကောက်နေသော 4W နှင့် 3W ဆိုင်ရာ အချက်အလက်များ ကို response tracking တွင်ကြည့်နိုင်သည်။ ရလာသော အချက်အလက်များ ပေါ်မူတည်၍ ပြုလုပ်ထားသော gap analysis ကို အဆိုပါ စာမျက်နှာ တွင်ကြည့်နိုင်သည်။ သုံးလ တစ်ခါ ကောက်သော funding matrix ဆိုင်ရာ အချက်အလက်ကို funding analysis တွင်ကြည့်နိုင်သည်။ ယမန်နှစ် က အဓိက ကောက်ဖြစ်ခဲ့သော Covid-19 အချက်အလက်များ ကို Covid-19 update တွင် ကြည့်နိုင်သည်။
အောက်တွင် နောက်ဆုံးထုတ် မြေပုံ စာရင်း နှင့် cluster လှုပ်ရှားမှု မြေပုံ ကို ပြထားသည်။
National Cluster စာမျက်နှာ မှ power bi သုံး၍ လုပ်ထားသော **dashboard** ကို အသေးစိတ်ပြသခဲ့သည်။ 4W အချက်အလက် ကို အခြေခံကာ အဆိုပါ dashboard တွင် စာမျက်နှာ ၇ မျက်နှာ ပါဝင်သည်။

1. ရခိုင် IDP နေရာများ 4W dashboard
2. ကချင် နှင့် ရှမ်းမြောက် IDP နေရာများ 4W dashboard
3. ရခိုင် မှ IDP စခန်း တစ်ခုချင်း အတွက် WASH ဆိုင်ရာ အချက်အလက်များ (camp profile)
4. ကချင် မှ IDP စခန်း တစ်ခုချင်း အတွက် WASH ဆိုင်ရာ အချက်အလက်များ (camp profile)
5. ရှမ်းမြောက် မှ IDP စခန်း တစ်ခုချင်း အတွက် WASH ဆိုင်ရာ အချက်အလက်များ (camp profile)
6. Gap Analysis ဆိုင်ရာ (filter လုပ်၍ အချိန်၊ နေရာ၊ ဦးစားပေး နယ်ပယ် အလိုက် ကြည့်နိုင်သည်)
7. IDP မဟုတ်သော နေရာများ ရွာများ အတွက် အချက်အလက်များ

## 2 MIMU 3W နှိုင်းယှဉ်ချက် (၂၀၂၀ - မေလ ၂၀၂၁) - MIMU

ဤနှိုင်းယှဉ်ချက်သည် ပထမဆုံး လုပ်ဆောင်ခြင်း ဖြစ်သည်။
၂၀၂၀ နှင့် ၂၀၂၁ တွင် ၂၈ ဖေဖော်ဝါရီ ၂၀၂၀ ထိ အတွက် တစ်ကြိမ်၊ ၂၈ ဩဂုတ်လ ၂၀၂၀ ထိ တစ်ကြိမ်၊ ၃၁ မေလ ၂၀၂၁ ထိ တစ်ကြိမ် 3W ၃ ခါ ကောက်ယူခဲ့သော အချက်အလက်ပေါ်တွင် ပြုစုရေးသားခြင်းဖြစ်ပါသည်။
ဩဂုတ် ၂၀၂၀ နှင့် ယှဉ်လျှင် မေ ၂၀၂၁ တွင် 3W အချက်အလက် ပေးပို့သော အဖွဲ့အစည်း ၅၄ ခု (၂၇%) လျော့သွားသည်။ ပြောင်းလဲလျော့ကျမှုမှာ ရန်ကုန်တိုင်းဒေသကြီး တွင် အများဆုံးဖြစ်ပြီး ကချင်ပြည်နယ် တွင် ၂ဖွဲ့သာ အနည်းဆုံး လျော့ကျ ခဲ့သည်။

Sector အလိုက် ယှဉ်မည် ဆိုလျှင် စိုက်ပျိုးရေး ကဏ္ဍ တွင် ၂၂ ဖွဲ့ဖြင့် အများဆုံး လျော့ကျခဲ့သည်။

ပြည်နယ်/တိုင်းဒေသကြီး အလိုက် စီမံကိန်းများကို ကြည့်မည်ဆိုလည်း ရှမ်းပြည်နယ် နှင့် ရန်ကုန်တိုင်းဒေသကြီးတွင် အများဆုံး လျော့ကျခဲ့သည်။ ထို့အပြင် လုပ်ငန်းအဆင့်အရလည်း လုပ်ဆောင်နေဆဲ ရာခိုင်နှုန်း မှာ ၉၂ မှ ၇၄ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ပြီး ရပ်ဆိုင်းလိုက်ရသောစီမံကိန်းများ မှာ ၀.၄ မှ ၁၀ ရာခိုင်နှုန်း ထိ တက်လာသည်။

ကျေးရွာအုပ်စု နှင့် မြို့အဆင့် ကို ကြည့်လျှင် လည်း စစ်ကိုင်းတိုင်းဒေသကြီး တွင် အများဆုံးလျော့ကျခဲ့သည်။ စစ်ကိုင်းတိုင်း ဒေသကြီး ရှိ ကျေးရွာအုပ်စု နှင့် မြို့ပေါင်း ၁၉၀ တွင် စီမံကိန်း များ လျော့ကျသွားသည်ကို တွေ့ရပါသည်။ အလားတူ ပင် မကွေး၊ ရခိုင်၊ တနင်္သာရီ နှင့် မွန် တို့ရှိ နေရာ များ တွင် လည်း သိသိသာသာ လျော့ကျခဲ့သည်။ IDP စခန်း များ အနေဖြင့်မူ အနည်းငယ် သာ ကျဆင်းပြီး သိသာစွာ သက်ရောက်မှု မရှိပေ။

ဆက်၍ ကျေးရွာအုပ်စု နှင့် မြို့အဆင့် ကို sector/cluster အလိုက် ကြည့်မည် ဆိုလျှင် ကျန်းမာရေး ကဏ္ဍ တွင် ကိန်းဂဏန်းအားဖြင့် အများဆုံး (၂၀၇၀) ကျဆင်းခဲ့ပြီး ရာခိုင်နှုန်း အရဆိုလျှင် WASH တွင် အများဆုံး (၈၀%) လျော့သွားသည်။

ဤနေရာ တွင် သတိထားရမည် မှာ ဤအချက်အလက်များ သည် မေလ မှ ဖြစ်၍ ဖြစ်ပေါ်တိုးတက်မှု များ ကြောင့် ပြောင်းလဲကောင်း ပြောင်းလဲနိုင်သည်။

ကျေးရွာအုပ်စု မြို့တစ်ခုချင်း တွင် စီမံကိန်း လုပ်နေသော အဖွဲ့အရေအတွက် သရုပ်ပြ မြေပုံ သုံးပုံကို ကြည့်ရှုနှိုင်းယှဉ်နိုင်သည်။ ၈၅ နှင့် ၈၇ ရာခိုင်နှုန်း သော ကျေးရွာအုပ်စု/မြို့များ တွင် လုပ်ဆောင်နေရာ မှမေလ ၂၀၂၁ တွင် ၇၇ ရာခိုင်နှုန်း တွင်သာ လုပ်ဆောင်မှု ရှိတော့သည်။ လုပ်ဆောင်မှု များ ကို အဓိက ပြထား သော မြေပုံ သုံးပုံကိုလည်း နှိုင်းယှဉ်ကြည့် နိုင်ပါသည်။ ဩဂုတ် ၂၀၂၀ တွင် စီမံကိန်း အသစ်များ တက်လာသည် ကို မြင်နိုင်ပြီး မေ ၂၀၂၁ ပုံတွင် ပြီးဆုံး ရပ်တန့်သွားသော နေရာများကို သိသာစွာတွေ့နိုင်သည်။

ထွက်ထား သမျှ 3W ထုတ်ကုန် များ ကို ရရှိရန် MIMU 3W စာမျက်နှာ သို့သွားပါ။

နောက် 3W Round အတွက် ရည်ရွယ်ထားသည့် အစီအစဉ် ကို လည်း ပြသခဲ့ပြီး စက်တင်ဘာ လကုန်ခန့်မှ စပါမည်။ အောက်တိုဘာလ တတိယပါတ် ၂၀၂၁ နောက်ဆုံး အချက်အလက် များ ကို ကောက်မည်ဖြစ်ပြီး ဒီဇင်ဘာ လဆန်းတွင် ထုတ်ကုန်များ အကုန်ထွက်ရန် လျာထားပါသည်။

စီမံကိန်းများကို CSO CBO LNGO များနှင့် ပူးတွဲလုပ်ဆောင်နေကြသော အဖွဲ့အစည်းအကြီးများအနေဖြင့် မိမိတို့ partners များဆီမှ 3W ကို ကောက်ခံစုစည်း ပြီးမှ MIMU သို့ 3W အချက်အလက်စုများကို ပေးပို့ခြင်းက ပိုမို အဆင်ပြေစေပါသည်။ ထို့အပြင် အချက်အလက် ထပ်ခြင်း ကို လည်း လျော့နည်းစေသည်။ မိမိ တို့ ဘာသာ ဖြည့်မည်ဆိုလျှင်လည်း 3W support session များ တက်ရောက်၍ အကူအညီ ရယူနိုင်သည်။

## 3 အစုအဖွဲ့ / ကဏ္ဍ / အေဂျင်စီ အလိုက် လုပ်ဆောင်မှုများ

**NRC** - မြန်မာ တစ်နိုင်ငံလုံး တွင် ဒေသ သုံးခု ခွဲ၍ လုပ်ဆောင်နေသည်။ အရှေ့တောင် (ဖားအံ၊ ထားဝယ်၊ လွိုင်ကော်၊ တောင်ငူ)၊ အရှေ့မြောက် ( မြစ်ကြီးနား၊ ဗန်းမော်၊ လားရှိုး) နှင့် အနောက်မြောက် (စစ်တွေ၊ မောင်တော) ဟူသော ဒေသများတွင် ICLA (Information, Counselling and Legal Assitance), ပညာရေး၊ camp management, livelihoods, shelter နှင့် protection sectors ၆ ခု တွင် လုပ်ဆောင်နေသည်။ လက်ရှိ တွင် protection နှင့် ပတ်သက်သော hotline data များ ကို power bi ဖြင့် dashboard တစ်ခုလုပ်နေပါသည်။ data များ ကို လည်း ပုံမှန် update လုပ်ပါသည်။ internal တွင် လည်း data protection training ပေးရန် စီစဉ်ထားသည်။

**WASH cluster** - ဒုတိယ သုံးလပတ် ပြီးပြီး နောက် လက်ရှိတွင် protracted camp များ တွင် AWD (Acute Watery Diarrhea) ဖြစ်ပွါးနှုန်း ကို health cluster နှင့် ပေါင်း၍ joint analysis လုပ်နေသည်။ ၂၀၂၀ မှ စခဲ့ပြီး သုံးလတစ်ခါ လုပ်ခြင်း ဖြစ်သည်။ ရလဒ်များ ကို လာမည့် WASH cluster meeting တွင် presentation လုပ်မည် ဖြစ်သည်။ ထို့အပြင် manual ကောက်ခံထားသော displacement site အသစ်များ မှ 3W snapshot များ ကို လည်း ပြမည် ဖြစ်သည်။

**Nutrition** - 4W ကို တစ်နှစ် လျှင် နှစ်ကြိမ် ကောက်ပြီး လက်ရှိတွင် village tract mapping ကို စတင်လုပ်ဆောင်နေသည်။

**CPI** - Covid-19 အတွက် tele-consultation လုပ်ဆောင်မှုများ ရှိပြီး ဩဂုတ်လaကုန် မှစ၍ mobile team များ ထွက်ရန် စီစဉ်နေပါသည်။ ကရင်၊ မွန်၊ ရှမ်း ဒေသများ တွင် ဒေသတွင်း မိတ်ဖက်များ နှင့် ပူးပေါင်း၍ ကူးစက်ရောဂါ၊ မိခင်ကျန်းမာရေး၊ အာဟာရ စသည့် ကဏ္ဍ များ လုပ်ဆောင်နေသည်။ ထို့အပြင် CBO များနှင့် တွဲ၍ micro finance ကဲ့သို့ sustainable development ဆိုင်ရာ လုပ်ဆောင်မှုများ လည်းရှိသည်။ ရှမ်း နှင့် ကချင် မှ conflict affected area များ တွင် humanitarian response လုပ်ဆောင်မှု လည်း ရှိသည်။ CPI ၏ လုပ်ဆောင်မှု များ ကို ပိုမိုသိရန် website တွင်လည်း လေ့လာနိုင်ပါသည်။

**MEDG** (ဘုန်းတော်ကြီးသင် ပညာရေး ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့) - အဓိက အားဖြင့် တစ်နိုင်ငံလုံးရှိ ဘကကျောင်း များ မှ ဆရာဆရာမ ဝန်ထမ်း ကျောင်းအုပ်များ ၏ အရည်အသွေးမြှင့်တင်ရေး ကို လုပ်ဆောင်နေသည်။ ယခင်နှစ်များတွင် မျက်နှာချင်းဆိုင် သင်တန်းများပို့ခဲ့ရာ ဘ/ကကျောင်းပေါင်း ၉၀၀နီးပါး အခွင့်အလမ်းရရှိခဲ့ကြပြီး ယခုအခါ  MeConnect အွန်လိုင်း website တစ်ခုတွင် online course သင်တန်းများအား ရေးဆွဲပို့ချလျှက်ရှိပါသည်။ ထို website သို့ ဘ/ကကျောင်းများမှ ကျောင်းအုပ်၊ ဆရာ/မ၊ ရုံးဝန်ထမ်းများ မည်သူမဆို အခမဲ့ဝင်ရောက်သင်ယူလေ့လာနိုင်ပါသည်။ ယခုအချိန်အထိ ထို website တွင် ဘ/ကကျောင်း ၃၀၀ မှ ကျောင်းအုပ်များ၊ ဆရာ/မများ၊ ရုံးဝန်ထမ်းများ ဝင်ရောက်လေ့လာလျှက်ရှိပြီး ကျောင်းပေါင်း ၁၅၀၀ တစ်နိုင်ငံ လုံးရှိရာတွင် အခြားကျောင်းများလည်း ဝင်ရောက် ပိုမိုဝင်ရောက်လေ့လာကြရန် ကြိုးစားနေသည်။

| | |
|---|---|
| | **Alliance Myanmar** - community based strategy ဖြင့် CBO များ နှင့် HIV AIDS ဆိုင်ရာ training များကို အဓိက လုပ်ဆောင်ခဲ့သည်။ ၂၀၁၉ ဇွန် မှ စ၍ ကချင် နှင့် ရှမ်းတောင် တွင် CBO များ ဖွဲ့၍ SRHR (Sexual and Reproductive Health and Rights) နှင့် MNCH (Maternal, Newborn and Child Health)ဆိုင်ရာများ လုပ်ဆောင်ခဲ့သည်။<br><br>**MIMU** - မသန်စွမ်းမှု ဆိုင်ရာ analytical brief ကို English version ဖြင့် dashboard, report နှင့် infographic ထွက်ပြီး ဖြစ်သည်။ လာမည့် အပတ်များ တွင် မြန်မာ version ဖြင့် report နှင့် infographic ထွက်ပါမည်။<br>စက်တင်ဘာ လဆန်း ၈ ၉ ၁၀ တွင် IM network အဖွဲ့ဝင်များ သီးသန့် အတွက် tableau training ရှိပါသည်။ အောက်တိုဘာ ပထမ အပတ် တွင် IM workshop ရှိပါသည်။<br>IM Network အဖွဲ့ဝင်များ နှင့် 3W ပို့သော focal person များ ကို ဖိတ်ပါမည်။<br>Basic mapping 1 day training ကို GiS team မှ ဦးဆောင်၍ စက်တင်ဘာ နောက်ဆုံးပတ်တွင်ပြုလုပ်ပါမည်။ QGIS training လည်း နောက်ပိုင်းတွင် လုပ်နိုင်ရန် စီစဉ်နေပါသည်။ |
| 4 | **အခြားဆွေးနွေးမှုများ**<br><br>နောက်လ meeting ကို နောက်ဆုံး အပတ် ဗုဒ္ဓဟူး စက်တင်ဘာ ၂၉ ရက်တွင် လုပ်ပါမည်။ |